# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
# မြန်မာနိုင်ငံကြက်ခြေနီအသင်းနည်းဥပဒေများ
# အမိန့်ကြော်ငြာစာအမှတ် ၁၈၅/ ၂၀၁၉
# ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
# (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ**နည်းဥပဒေများ**ကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မြန်မာနိုင်ငံကြက်ခြေနီအသင်းနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ**ဆိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကိုဆိုသည်။

(ခ) **ကောင်စီဝင်**ဆိုသည်မှာ ဥပဒေအရ ညီလာခံကဖွဲ့စည်းထားသည့် ကောင်စီတွင် ပါဝင်သူများကို ဆိုသည်။

(ဂ) **အလုပ်အမှုဆောင်အဖွဲ့**ဆိုသည်မှာ ဥပဒေအရ ကောင်စီကရွေးချယ်တင်မြှောက်ထားသည့် အလုပ် အမှုဆောင်အဖွဲ့ကို ဆိုသည်။

(ဃ) **ကြီးကြပ်မှုကော်မတီ**ဆိုသည်မှာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်များတွင် အလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်းထား သည့် ကြက်ခြေနီကြီးကြပ်မှုကော်မတီကို ဆိုသည်။

(င) **အမှုဆောင်အဖွဲ့**ဆိုသည်မှာ မြို့နယ်၊ တက္ကသိုလ်၊ ကောလိပ်တို့တွင် အလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်းထားသည့် ကြက်ခြေနီအသင်းခွဲအမှုဆောင်အဖွဲ့ကိုဆိုသည်။

(စ) **အသင်းခွဲ**ဆိုသည်မှာ အလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်းထားသည့် မြို့နယ်၊ တက္ကသိုလ်၊ ကောလိပ် ကြက်ခြေနီအသင်းခွဲများကို ဆိုသည်။

(ဆ) **အသင်းခွဲငယ်**ဆိုသည်မှာ အသင်းခွဲအောက်ရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံ၊ အလုပ်ဌာနတို့တွင် အလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်းထားသည့် အသင်းခွဲငယ်များကိုဆိုသည်။

Myanmar Law Information System (MLIS)

(ဇ) **စေတနာလုပ်အားရှင်**ဆိုသည်မှာ အသင်း၏ လူမှုကရုဏာလုပ်ငန်းများကို ပုံမှန် သို့မဟုတ် အခါအားလျော်စွာ ကာယအားဖြင့်ဖြစ်စေ၊ ဉာဏအားဖြင့်ဖြစ်စေ စေတနာ့ဝန်ထမ်း ဆောင်ရွက်နေသူများ အားလုံးကိုဆိုသည်။

(ဈ) **လူငယ်ကြက်ခြေနီ**ဆိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းရှိ အသက် ၁၅ နှစ် ပြည့်ပြီး အသက် ၃၅ နှစ် မပြည့်သေးသည့် အသင်းသားများကို ဆိုသည်။

(ည) **အငယ်တန်းကြက်ခြေနီ**ဆိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းရှိ အသက် ၁၀ နှစ်ပြည့်ပြီး ၁၅ နှစ် မပြည့်သေးသည့် အသင်းသားများကိုဆိုသည်။

(ဋ) **အသင်းသား**ဆိုသည်မှာ အလုပ်အမှုဆောင်အဖွဲ့က မြန်မာနိုင်ငံကြက်ခြေနီအသင်းသားအဖြစ် အသိအမှတ်ပြုလက်ခံထားသူကို ဆိုသည်။

(ဌ) **ဂုဏ်ထူးဆောင်အသင်းသား**ဆိုသည်မှာ အသင်း၏ လူမှုကရုဏာလုပ်ငန်းများတွင် စွမ်းစွမ်းတမံပါဝင် ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ၊ ပစ္စည်းအားဖြင့်ဖြစ်စေ၊ ငွေအားဖြင့်ဖြစ်စေ၊ စေတနာအလျောက် ကူညီခြင်း အတွက် ကောင်စီ၏ အသိအမှတ်ပြုခံရသူကို ဆိုသည်။

(ဍ) **အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ၊ အမျိုးသားအသင်းများနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့နှင့် ဖွဲ့စည်းထားပြီး ကြက်ခြေနီအခြေခံမူများ၊ ဂျီနီဗာသဘောတူညီချက်များ၊ နောက်ဆက်တွဲ သဘောတူညီချက်နှင့်အညီ လူမှုကရုဏာလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်းကို ဆိုသည်။

(ဎ) **ကြက်ခြေနီလှုပ်ရှားမှုနှင့်ဆက်စပ်သည့်လူမှုအဖွဲ့အစည်းများ**ဆိုသည်မှာ အသင်း၏ ရည်ရွယ်ချက် အားလုံးနှင့်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသနှင့်ဖြစ်စေ တူညီသော ပြည်တွင်းရှိ အခြားလူမှုအဖွဲ့အစည်းများကို ဆိုသည်။

(ဏ) **တပ်ဖွဲ့**ဆိုသည်မှာ ကောင်စီက တပ်ဖွဲ့စည်းမျဉ်းဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံကြက်ခြေနီ သူနာပြုတပ်ဖွဲ့ကိုဆိုသည်။

(တ) **တပ်ဖွဲ့မှူးချုပ်**ဆိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့၏ တပ်ဖွဲ့မှူးချုပ်ကိုဆိုသည်။

(ထ) **တပ်ဖွဲ့ဝင်**ဆိုသည်မှာ တပ်ဖွဲ့တွင် စေတနာ့လုပ်အားရှင်အဖြစ် ပါဝင်ဆောင်ရွက်နေသော တပ်ဖွဲ့ဝင် အသင်းသားများကိုဆိုသည်။

## အခန်း(၂)

## အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲ၊ အသင်းခွဲငယ်ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃။ အလုပ်အမှုဆောင်အဖွဲ့သည် ကောင်စီ၏ သဘောတူညီချက်နှင့်အညီအသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲနှင့် အသင်းခွဲငယ်တို့၏ လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ရမည်။

၄။ နိုင်ငံတစ်ဝန်းတွင် အသင်း၏ လူမှုကရုဏာလုပ်ငန်းများကို ဖြန့်ကျက်ဆောင်ရွက်နိုင်ရေးအတွက် အလုပ်အမှုဆောင်အဖွဲ့ကို ပံ့ပိုးကူညီရန် အသင်းဌာနချုပ်ကို ဖွဲ့စည်းရမည်။

Myanmar Law Information System (MLIS)

၅။ အလုပ်အမှုဆောင်အဖွဲ့သည် အသင်း၏ လုပ်ငန်းများဆောင်ရွက်နိုင်ရန် အသင်းခွဲနှင့် အသင်းခွဲငယ်များကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(က) မြို့နယ်၊ တက္ကသိုလ်နှင့် ကောလိပ်တို့တွင် အသင်းခွဲများ၊

(ခ) မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံ၊ အလုပ်ဌာနတို့တွင် အသင်းခွဲငယ်များ။

၆။ အလုပ်အမှုဆောင်အဖွဲ့သည် အသင်းခွဲနှင့် အသင်းခွဲငယ်များ၏ လုပ်ငန်းများကို အဆင့်ဆင့် ကြီးကြပ်နိုင်ရန် ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲအမှုဆောင်အဖွဲ့နှင့် တာဝန်ခံအဖွဲ့များကို အောက်ပါ အတိုင်း ဖွဲ့စည်းတာဝန်ပေးရမည် -

(က) တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်တို့ တွင် ကြီးကြပ်မှုကော်မတီများ၊

(ခ) မြို့နယ်၊ တက္ကသိုလ်နှင့် ကောလိပ်တို့တွင် အသင်းခွဲအမှုဆောင်အဖွဲ့များ၊

(ဂ) မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံ၊ အလုပ်ဌာနတို့တွင် အသင်းခွဲငယ် တာဝန်ခံအဖွဲ့များ၊

၇။ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်၏ ကော်မတီဝင်များကို ရွေးချယ်တင်မြှောက်ရေးစည်းမျဉ်းနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်မှုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်များကို သက်ဆိုင်ရာကြီးကြပ်မှုကော်မတီ၏ နာယကအဖြစ်လည်းကောင်း၊ ပြည်ထောင်စု နယ်မြေ ကြီးကြပ်မှုကော်မတီသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌကို ကြီးကြပ်မှုကော်မတီ၏ နာယကအဖြစ်လည်းကောင်း တင်မြှောက်နိုင်သည်။

၉။ အလုပ်အမှုဆောင်အဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေကြီးကြပ်မှုကော်မတီ ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ရပ်ရွာလူထုကိုယ်စားပြုအသင်းသား ငါးဦး၊

(ခ) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအဆင့် ဌာနဆိုင်ရာကိုယ်စားလှယ် ငါးဦး-

(၁) ကျန်းမာရေးဦးစီးဌာနမှူး၊

(၂) လူမှုဝန်ထမ်းဦးစီးဌာနမှူး၊

(၃) ပညာရေးမှူး၊

(၄) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး၊

(၅) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အရာထမ်းတစ်ဦး။

(ဂ) ကြက်ခြေနီလှုပ်ရှားမှုနှင့်ဆက်စပ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်နှစ်ဦး၊

(ဃ) ကြက်ခြေနီတပ်ဖွဲ့ဝင်နှစ်ဦး -

(၁) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေတပ်ဖွဲ့မှူး၊

(၂) ဒုတိယတိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေတပ်ဖွဲ့မှူး။

(င) လူငယ်ကြက်ခြေနီတစ်ဦး။

Myanmar Law Information System (MLIS)

၁၀။တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကြီးကြပ်မှုကော်မတီသည် ကော်မတီဝင်များအနက်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ကို ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်းနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၁၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကြီးကြပ်မှုကော်မတီသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများကို သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ နာယကအဖြစ်လည်းကောင်း၊ ခရိုင်ကြီးကြပ်မှုကော်မတီများသည် ခရိုင်အုပ်ချုပ်ရေးမှူးကို သက်ဆိုင်ရာကြီးကြပ်မှုကော်မတီ၏ နာယကအဖြစ်လည်းကောင်း တင်မြှောက် နိုင်သည်။

၁၂။ အလုပ်အမှုဆောင်အဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ကြီးကြပ်မှုကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ရပ်ရွာလူထုကိုယ်စားပြု အသင်းသား ငါးဦး၊

(ခ) ခရိုင်အဆင့်ဌာနဆိုင်ရာ ကိုယ်စားလှယ် ငါးဦး-

(၁) ကျန်းမာရေးဦးစီးဌာနမှူး၊

(၂) လူမှုဝန်ထမ်းဦးစီးဌာနမှူး၊

(၃) ပညာရေးမှူး၊

(၄) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး၊

(၅) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်းတစ်ဦး။

(ဂ) ကြက်ခြေနီလှုပ်ရှားမှုနှင့်ဆက်စပ်သည့် ခရိုင်အဆင့်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်နှစ်ဦး၊

(ဃ) ကြက်ခြေနီတပ်ဖွဲ့ဝင် နှစ်ဦး -

(၁) ခရိုင်တပ်ဖွဲ့မှူး၊

(၂) ဒုတိယခရိုင်တပ်ဖွဲ့မှူး။

(င) လူငယ်ကြက်ခြေနီတစ်ဦး။

၁၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကြီးကြပ်မှုကော်မတီသည် ကော်မတီဝင်များအနက်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ကို ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်းနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ရမည်။

၁၄။ မြို့နယ်အသင်းခွဲအမှုဆောင်အဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးမှူးများကို သက်ဆိုင်ရာမြို့နယ် အသင်းခွဲ၏ နာယကအဖြစ်တင်မြှောက်နိုင်သည်။

၁၅။ အလုပ်အမှုဆောင်အဖွဲ့သည် မြို့နယ်အသင်းခွဲအမှုဆောင်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ရပ်ရွာလူထုကိုယ်စားပြုအသင်းသား ငါးဦး၊

(ခ) မြို့နယ်အဆင့်ဌာနဆိုင်ရာ ကိုယ်စားလှယ် ငါးဦး -

(၁) ကျန်းမာရေးဦးစီးဌာနမှူး၊

(၂) ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူး၊

Myanmar Law Information System (MLIS)

(၃) ပညာရေးမှူး၊

(၄) မီးသတ်ဦးစီးဌာနမှူး၊

(၅) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်းတစ်ဦး။

(ဂ) ကြက်ခြေနီလုပ်ရှားမှုနှင့်ဆက်စပ်သည့် မြို့နယ်အဆင့် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦး၊

(ဃ) ကြက်ခြေနီတပ်ဖွဲ့ဝင် နှစ်ဦး -

(၁) မြို့နယ်တပ်ဖွဲ့မှူး၊

(၂) ဒုတိယမြို့နယ်တပ်ဖွဲ့မှူး။

(င) လူငယ်ကြက်ခြေနီ တစ်ဦး။

၁၆။ အသင်းခွဲအမှုဆောင်အဖွဲ့သည် မိမိတို့အဖွဲ့ဝင်များအနက်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး တို့ကို ရွေးချယ်တင်မြှောက်ရေးစည်းမျဉ်းနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၁၇။ တက္ကသိုလ် သို့မဟုတ် ကောလိပ်အသင်းခွဲများသည် ပါမောက္ခချုပ် သို့မဟုတ် ကျောင်းအုပ်များကို သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်အသင်းခွဲများ၏ နာယကအဖြစ် တင်မြှောက်နိုင်သည်။

၁၈။ အလုပ်အမှုဆောင်အဖွဲ့သည် တက္ကသိုလ်၊ ကောလိပ် အသင်းခွဲအမှုဆောင်အဖွဲ့ကို အဖွဲ့ဝင် ၁၅ ဦး ဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ပါမောက္ခဌာနမှူး တစ်ဦး | ဥက္ကဋ္ဌ |
| (ခ) | တွဲဖက်ပါမောက္ခ တစ်ဦး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ကထိက သို့မဟုတ် လက်ထောက်ကထိက နှစ်ဦး | အဖွဲ့ဝင် |
| (ဃ) | နည်းပြ ငါးဦး | အဖွဲ့ဝင် |
| (င) | ကျောင်းသား/ ကျောင်းသူ ငါးဦး | အဖွဲ့ဝင် |
| (စ) | ကထိက တစ်ဦး | အတွင်းရေးမှူး |

၁၉။ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအသင်းခွဲငယ်များသည် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို သက်ဆိုင်ရာအသင်းခွဲငယ်များ၏ တာဝန်ခံအဖြစ် တင်မြှောက်နိုင်သည်။

၂၀။ အလုပ်အမှုဆောင်အဖွဲ့သည် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အသင်းခွဲငယ် တာဝန်ခံအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ရပ်မိရပ်ဖ တစ်ဦး | ဥက္ကဋ္ဌ |

Myanmar Law Information System (MLIS)

(ခ) ရပ်ရွာလူထုကိုယ်စားပြုအသင်းသား နှစ်ဦး — အဖွဲ့ဝင်

(ဂ) ကြက်ခြေနီလှုပ်ရှားမှုနှင့်ဆက်စပ်သည့် ရပ်ရွာလူမှု အဖွဲ့အစည်းကိုယ်စားလှယ် တစ်ဦး — အဖွဲ့ဝင်

(ဃ) လူငယ်ကြက်ခြေနီ တစ်ဦး — အဖွဲ့ဝင်

၂၁။ အခြေခံပညာကျောင်းအသင်းခွဲငယ်များသည် ကျောင်းအုပ်များကို သက်ဆိုင်ရာအသင်းခွဲငယ်များ၏ တာဝန်ခံအဖြစ် တင်မြှောက်နိုင်သည်။

၂၂။ အလုပ်အမှုဆောင်အဖွဲ့သည် အခြေခံပညာကျောင်း အသင်းခွဲငယ် တာဝန်ခံအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(က) ဆရာ/ ဆရာမ တစ်ဦး — ဥက္ကဋ္ဌ

(ခ) ဆရာ/ဆရာမ နှစ်ဦး — အဖွဲ့ဝင်

(ဂ) ကျောင်းသား/ ကျောင်းသူ လေးဦး — အဖွဲ့ဝင်

၂၃။ အလုပ်အမှုဆောင်အဖွဲ့သည် စက်ရုံ၊ အလုပ်ဌာနအသင်းခွဲငယ်များကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင် သည်။

၂၄။ အလုပ်အမှုဆောင်အဖွဲ့သည် ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲအမှုဆောင်အဖွဲ့နှင့် အသင်းခွဲငယ် တာဝန်ခံအဖွဲ့တို့၏ ဖွဲ့စည်းပုံနှင့် ပါဝင်သည့်ဦးရေကို ပြောင်းလဲသတ်မှတ်နိုင်သည်။

၂၅။ ကြီးကြပ်မှုကော်မတီ၊ အမှုဆောင်အဖွဲ့နှင့် အသင်းခွဲငယ် တာဝန်ခံအဖွဲ့များဖွဲ့စည်းရာတွင် အမျိုးသား၊ အမျိုးသမီး မျှတစွာထည့်သွင်းဖွဲ့စည်းရမည်။

၂၆။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ကြီးကြပ်မှုကော်မတီသည် သက်ဆိုင်ရာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကြီးကြပ်မှုကော်မတီများကို အလုပ်အမှုဆောင် အဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ကြီးကြပ်ရမည်။

၂၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကြီးကြပ်မှုကော်မတီသည် အလုပ်အမှုဆောင်အဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာအသင်းခွဲအမှုဆောင် အဖွဲ့များကို ကြီးကြပ်ရမည်။

၂၈။ အသင်းခွဲအမှုဆောင်အဖွဲ့သည် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံ၊ အလုပ် ဌာနများ၏ အသင်းခွဲငယ်တာဝန်ခံအဖွဲ့များကို အလုပ်အမှုဆောင်အဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ကြီးကြပ်ရမည်။

၂၉။ တက္ကသိုလ်၊ ကောလိပ် အသင်းခွဲများသည် သက်ဆိုင်ရာမြို့နယ်အသင်းခွဲများနှင့် လူမှုကရုဏာ လုပ်ငန်းများကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

၃၀။ အလုပ်အမှုဆောင်အဖွဲ့၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ အသင်းခွဲနှင့် အသင်းခွဲငယ် များကို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းမပြုရ။

Myanmar Law Information System (MLIS)

## အခန်း (၃)

## အသင်းသားအဖြစ် လျှောက်ထားခြင်း၊ လက်ခံခြင်း၊ ငြင်းပယ်ခြင်းနှင့် ထုတ်ပယ်ခြင်း

၃၁။ အသင်းတွင် အောက်ပါ အသင်းသားအမျိုးအစားများဖြင့် ပါဝင်ဖွဲ့စည်းထားသည် -

(က) သာမန်အသင်းသား

(ခ) တပ်ဖွဲ့ဝင်အသင်းသား

(ဂ) ရာသက်ပန်အသင်းသား

၃၂။ အမျိုးသား၊ အမျိုးသမီး၊ လူမျိုး၊ အသားအရောင်၊ ကိုးကွယ်သည့်ဘာသာ၊ ယုံကြည်မှု၊ ဘာသာစကား၊ အဆင့်အတန်း သို့မဟုတ် နိုင်ငံရေးအယူဝါဒတို့ကို ခွဲခြားမှုမရှိဘဲ အလုပ်အမှုဆောင်အဖွဲ့၏ သတ်မှတ်ချက်များနှင့် ကိုက်ညီသူတိုင်း အသင်းသားအဖြစ် လျှောက်ထားနိုင်သည်။

၃၃။ နည်းဥပဒေ ၃၂ အရ လျှောက်ထားလာမှုကို အလုပ်အမှုဆောင်အဖွဲ့က စိစစ်၍ အသင်းသားအဖြစ် လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၄။ (က) နည်းဥပဒေ ၃၃ အရ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ကောင်စီသို့ တင်ပြနိုင်သည်၊

(ခ) ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၃၅။ ရွေးချယ်တင်မြှောက်ရေးစည်းမျဉ်းပါ သတ်မှတ်ချက်အရည်အချင်းနှင့် ကိုက်ညီသော အသင်းသားတိုင်းသည် အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲနှင့် အသင်းခွဲငယ်တွင် မဲပေးခွင့်နှင့် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

၃၆။ အသင်း၏ ဝန်ထမ်းသည် မည်သည့်အသင်းသား အမျိုးအစားတွင်မဆို ပါဝင်နိုင်ပြီး အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲနှင့် အသင်းခွဲငယ်တွင် အဆိုပြုရွေးချယ်ခံပိုင်ခွင့်ရှိသည်။ ရွေးချယ်ခံရပါက ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ရမည်။

၃၇။ အလုပ်အမှုဆောင်အဖွဲ့သည် အသင်းသားတစ်ဦးဦးကို အောက်ပါအကြောင်းအရာ တစ်ရပ်ရပ်နှင့် ငြိစွန်းပါက အသင်းမှ ထုတ်ပယ်နိုင်သည်-

(က) ကြက်ခြေနီအခြေခံမူ (၇) ချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ခ) အသင်း၏ ဂုဏ်သိက္ခာနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်အောက်ပြုမူခြင်း၊

(ဂ) အသင်းပိုင်ငွေနှင့် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊

(ဃ) အသင်း၏ ဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒနှင့် တပ်ဖွဲ့စည်းမျဉ်းများညွှန်ကြားချက်ကို ဖောက်ဖျက်ခြင်း၊

(င) အသင်းအတွင်း ရည်ရွယ်ချက်ဖြင့် စည်းရုံးမှုပြိုကွဲအောင် ပြုမူဆောင်ရွက်ခြင်း၊

(စ) ပြစ်မှုတစ်ခုခုကို ကျူးလွန်သဖြင့် သက်ဆိုင်ရာတရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခံရခြင်း။

၃၈။ (က) အသင်းသားတစ်ဦးဦးသည် အသင်းသားအဖြစ်မှ ထုတ်ပယ်ခြင်းနှင့်စပ်လျဉ်း၍ ကျေနပ်မှု မရှိပါက ကောင်စီသို့ ရက်ပေါင်း (၃၀)အတွင်း အယူခံဝင်ရောက်နိုင်သည်၊

(ခ) ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

Myanmar Law Information System (MLIS)

၃၉။ အသင်းသားအားလုံးနှင့် စေတနာလုပ်အားရှင်များသည် စေတနာအလျောက် လူမှုကရုဏာလုပ်ငန်း များဆောင်ရွက်ရန် စေတနာလုပ်အားရှင် မှတ်ပုံတင်၍ အသင်း၏ စေတနာလုပ်အားရှင်မူဝါဒနှင့်အညီ ဆောင်ရွက်နိုင်ခွင့်နှင့် အခွင့်အရေးများကို ရပိုင်ခွင့်ရှိရမည်။

၄၀။ လူငယ်ကြက်ခြေနီများသည် အသင်း၏ လူငယ်မူဝါဒနှင့်အညီ ဆောင်ရွက်နိုင်ခွင့်နှင့် အခွင့်အရေး များကို ရပိုင်ခွင့်ရှိရမည်။

၄၁။ အသင်းသည် **အငယ်တန်းကြက်ခြေနီ**များကို အနာဂတ် လူငယ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် သင်ကြားပျိုးထောင်ပေးရမည်။

## အခန်း(၄)

## မြန်မာနိုင်ငံကြက်ခြေနီညီလာခံကျင်းပခြင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ခြင်း

၄၂။ ညီလာခံကို သုံးနှစ်လျှင်တစ်ကြိမ် ကျင်းပရမည်။ ညီလာခံတက်ခွင့်ရှိသူ၏ ထက်ဝက်ကျော် တက်ရောက်ပါက ညီလာခံအထမြောက်စေရမည်။

၄၃။ ညီလာခံတွင် ကောင်စီကို ဖွဲ့စည်းရမည်။ ယင်းကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၁ ဦးကို ရွေးချယ်တင်မြှောက်ရေးစည်းမျဉ်းနှင့်အညီ ကောင်စီဝင်များထဲမှ ရွေးချယ်တင်မြှောက်ရမည်။

၄၄။ ကောင်စီ၏သက်တမ်းမှာ သုံးနှစ်ဖြစ်သည်။ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌသည် တစ်ဆက်တည်း ကောင်စီသက်တမ်း နှစ်ကြိမ် ဆောင်ရွက်နိုင်သည်။

၄၅။ ညီလာခံသို့ တက်ရောက်မဲပေးပိုင်ခွင့်ရှိသူများ၏ ထောက်ခံဆန္ဒမဲ ထက်ဝက်ကျော်လျှင် ဆုံးဖြတ်ချက်များ အတည်ဖြစ်သည်။

## အခန်း(၅)

## ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄၆။ ကောင်စီသည် ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ရန် အလို့ငှာ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) ညီလာခံကျင်းပရန် ရက်သတ်မှတ်ခြင်း၊

(ခ) ကောင်စီအစည်းအဝေးကို တက်ရောက်ခွင့်ရှိသူ၏ ထက်ဝက်ကျော် တက်ရောက်ပါက အစည်းအဝေးအထမြောက်ကြောင်း ကြေညာခြင်း၊

(ဂ) ကောင်စီအစည်းအဝေးသို့ တက်ရောက်သည့် ကောင်စီဝင်များ၏ များရာဆန္ဒမဲဖြင့် သဘောတူညီချက်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုခြင်း သို့မဟုတ် ဆုံးဖြတ်ခြင်း၊

(ဃ) ကောင်စီဝင် နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်းတို့ကို ကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း၊

Myanmar Law Information System (MLIS)

(င) ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဃ) အရ ရွေးချယ်တင်မြှောက်ထားသည့် ကောင်စီဝင် လစ်လပ်နေရာအတွက် အစားထိုးခန့်အပ်ခြင်းကို မူလရွေးကောက်ပွဲတွင် အစဉ်အလိုက် မဲအများဆုံးရရှိ သူကို ခန့်အပ်ခြင်းနှင့် ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဂ)၊ (င) နှင့် (စ)အရ ရွေးချယ်ထားသည့် ကောင်စီဝင် လစ်လပ်နေရာအတွက် အစားထိုးခန့်အပ်ခြင်းကို အစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် ကြီးကြပ်မှုကော်မတီက အဆိုပြုသူကို ခန့်အပ်ခြင်း၊

(စ) ဂုဏ်ထူးဆောင် အသင်းသားအဖြစ် အသိအမှတ်ပြုရန် လိုအပ်သည့် အရည်အချင်းများကို သတ်မှတ်ခြင်း။

၄၇။ ကောင်စီဝင်များသည် -

(က) အသင်းသားနှင့် ရန်ပုံငွေဖြင့်တင်ရေးလှုပ်ရှားမှုများတွင် လိုအပ်သော နည်းပညာနှင့် ပံ့ပိုးမှုများ ဆောင်ရွက်ပေးရမည်၊

(ခ) အသင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများ အောင်မြင်ရေးတို့အတွက် လိုအပ်သောနည်းပညာ၊ အကူအညီများပံ့ပိုးခြင်းနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးရမည်၊

(ဂ) နည်းပညာနှင့် အကူအညီများကို မိမိတို့ဌာန သို့မဟုတ် အသင်းအဖွဲ့မှုဘောင်အတွင်းမှ ပံ့ပိုးကူညီ ပေးရမည်၊

(ဃ) အသင်း၏ ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒ၊ စည်းမျဉ်းများရေးဆွဲခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ရာတွင် လိုအပ်သော အကြံပြုဆွေးနွေးခြင်းများဆောင်ရွက်ရမည်။

၄၈။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေများရှိ ကောင်စီဝင်များသည်-

(က) ကြက်ခြေနီညီလာခံ ဆုံးဖြတ်ချက်များ၊ ကောင်စီအစည်းအဝေးဆုံးဖြတ်ချက်များ၊ ကြက်ခြေနီဆိုင်ရာအသိပညာများနှင့် မူဝါဒများကို မိမိတို့ဒေသအတွင်းရှိ အသင်းသားများကို မျှဝေ၍ ဆွေးနွေးအကြံပြုချက်များ ရယူရမည်၊

(ခ) အသင်းသားများ၏ အကြံပြုချက်၊ တင်ပြချက်နှင့် နစ်နာချက်များကို ကောင်စီအစည်းအဝေးတွင် တင်ပြရမည်၊

(ဂ) ကြီးကြပ်မှုကော်မတီများနှင့် အသင်းခွဲအမှုဆောင်အဖွဲ့များ လုပ်ငန်းဆောင်ရွက်ရာတွင် ခက်ခဲမှု မရှိစေရေးအတွက် လိုအပ်သော အကြံဉာဏ်ပေးခြင်း၊ အစိုးရအဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၊ အစိုးရဌာနအဖွဲ့အစည်းများနှင့် ကြက်ခြေနီလှုပ်ရှားမှုနှင့် ဆက်စပ်သည့် လူမှုအသင်းအဖွဲ့များ ချိတ်ဆက် ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ရမည်၊

(ဃ) တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် ကောင်စီဝင်များသည် တပ်ဖွဲ့အုပ်ချုပ်ရေး၊ စည်းကမ်းသေဝပ်ရေး၊ လေ့ကျင့်ရေးနှင့်၊ ထောက်ပံ့ရေးစသည့် တပ်ဖွဲ့ဆိုင်ရာကိစ္စရပ်များကို ကောင်စီ အစည်းအဝေးတွင် တင်ပြဆွေးနွေးခြင်း၊ သက်ဆိုင်ရာတပ်ဖွဲ့မှူးများကို လိုအပ်သောနည်းပညာများ အကြံပြုခြင်း၊ ပံ့ပိုးကူညီခြင်းများကို ဆောင်ရွက်ရမည်။

၄၉။ ဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်နေသည့် ကောင်စီဝင်များသည် -

(က) မိမိတို့ဝန်ကြီးဌာနနှင့်ဆက်စပ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် မူဝါဒများကို ကောင်စီဝင်များသို့ မျှဝေခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ရမည်၊

(ခ) ကြက်ခြေနီဆိုင်ရာအသိပညာများနှင့် မူဝါဒများကို မိမိတို့ဝန်ကြီးဌာနများတွင် ပြန်လည်မျှဝေခြင်း နှင့် ဆွေးနွေးအကြံပြုချက်များ ရယူရမည်။

Myanmar Law Information System (MLIS)

(ဂ) ဝန်ကြီးဌာနများရှိ အမျိုးသားအဆင့် စီမံကိန်းများ၏ လူမှုကရုဏာဆိုင်ရာလုပ်ငန်း နယ်ပယ်များ တွင် အသင်းက ကူညီဆောင်ရွက်နိုင်မည့် အခန်းကဏ္ဍများကို ဖော်ထုတ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းချိတ်ဆက်ပေးရမည်။

၅၀။ ကြက်ခြေနီလှုပ်ရှားမှုနှင့်ဆက်စပ်သည့် လူမှုအဖွဲ့အစည်းများရှိ ကောင်စီဝင်များသည် -

(က) ညီလာခံနှင့် ကောင်စီတို့၏ ဆုံးဖြတ်ချက်များ၊ အလုပ်အမှုဆောင်အဖွဲ့၏ စီမံခန့်ခွဲမှုများကို မိမိတို့ လူမှုအဖွဲ့အစည်းများ၊ ဆက်စပ်သည့် လူမှုအဖွဲ့အစည်းကွန်ယက်များအကြား ပြန်လည်မျှဝေခြင်းနှင့် ဆွေးနွေးအကြံပြုချက်များ ရယူရမည်၊

(ခ) ကြက်ခြေနီ လူမှုကရုဏာ အသိပညာပြန့်ပွားရေးနှင့် လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေးတို့ အတွက် ရပ်ရွာလူထုအကြား စည်းရုံးဆောင်ရွက်ရမည်။

## အခန်း(၆)

## အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅၁။ အလုပ်အမှုဆောင်အဖွဲ့သည် ဥပဒေပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ရန် အလို့ငှာ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) အသင်း၏ ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲ၍ အတည်ပြုဆုံးဖြတ်နိုင်ရန် ကောင်စီသို့ တင်ပြရမည်၊

(ခ) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို အနည်းဆုံးသုံးလလျှင် တစ်ကြိမ်ကျင်းပရမည်။ အဖွဲ့ဝင် ခုနစ်ဦးတက်ရောက်ပါက အစည်းအဝေး အထမြောက်သည်။ လိုအပ်ပါက အထူးအစည်းအဝေးကျင်းပ နိုင်သည်။ အဖွဲ့ဝင် ငါးဦးတက်ရောက်ပါက အစည်းအဝေးအထမြောက်သည်။ သတ်မှတ်ထားသော အဖွဲ့ဝင်ဦးရေ ပြည့်မီခြင်း မရှိ၍ အစည်းအဝေးအထမမြောက်ပါက အစည်းအဝေးပြန်လည်ကျင်းပမည့် ရက်ကို သတ်မှတ်ပေးရမည်၊

(ဂ) နည်းဥပဒေ ၈၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉ နှင့် ၂၁ တို့အရ သက်ဆိုင်ရာကြီးကြပ်မှုကော်မတီနှင့် အသင်းခွဲများက တင်မြှောက်သည့် နာယကများကိုလည်းကောင်း၊ အသင်းခွဲငယ်များကတင်မြှောက် သည့် တာဝန်ခံများကိုလည်းကောင်း အတည်ပြုနိုင်သည်။

၅၂။ အထွေထွေအတွင်းရေးမှူးသည် အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီမှုဖြင့် အောက်ပါလုပ်ငန်း များကို ဆောင်ရွက်ရမည် -

(က) ညီလာခံ၊ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) အသင်းပိုင်ငွေ၊ ပစ္စည်းများနှင့်စပ်လျဉ်းသည့် အရင်းအမြစ်များ တိုးပွားရေးအတွက် ဆောင်ရွက်ခြင်း နှင့် သုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ စနစ်တကျရှိစေရေး စီမံခန့်ခွဲခြင်း၊

(ဂ) သတ်မှတ်ထားသော ဝန်ထမ်းဖွဲ့စည်းပုံ၊ ဝန်ထမ်းစည်းမျဉ်းနှင့်အညီ ဝန်ထမ်းများခန့်အပ်ခြင်း၊ အရေးယူခြင်း၊

(ဃ) ပြည်တွင်းပြည်ပအစည်းအဝေးများ တက်ရောက်ခြင်း၊ ဧည့်သည်များကို လက်ခံတွေ့ဆုံခြင်း၊ အစည်းအဝေးများ၊ အခမ်းအနားများကျင်းပရန် စီစဉ်ပေးခြင်း၊

Myanmar Law Information System (MLIS)

(င) ပြည်တွင်း၊ ပြည်ပရှိအဖွဲ့အစည်းများ၊ မိတ်ဖက်ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊တရားရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အသင်း၏ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ စာချုပ်စာတမ်းများချုပ်ဆိုခြင်းနှင့် ငွေကြေးကိစ္စရပ်များအတွက် အသင်း၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

(စ) ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လက်ခံရယူခြင်း၊ ငှားရမ်းခြင်းတို့နှင့် စပ်လျဉ်း၍ ပဋိညာဉ်စာချုပ် ချုပ်ဆိုနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဆ) ကြီးကြပ်မှုကော်မတီများ၊ အသင်းခွဲအမှုဆောင်အဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။

၅၃။ အထွေထွေအတွင်းရေးမှူးသည် အောက်ပါလုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ရမည်-

(က) အသင်း၏ မဟာဗျူဟာစီမံကိန်းများရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်း၊

(ခ) နှစ်အလိုက် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) အစီရင်ခံစာများပြုစုတင်ပြခြင်း၊

(ဃ) နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ဘဏ္ဍာရေးအစီရင်ခံစာများ ရေးဆွဲတင်ပြခြင်း၊

(င) ဝန်ထမ်းရေးရာစီမံခန့်ခွဲရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် လမ်းညွှန်ခြင်း၊

(စ) ကြက်ခြေနီညီလာခံကျင်းပနိုင်ရန် စီစဉ်ပေးခြင်း၊

(ဆ) ကောင်စီအစည်းအဝေးကျင်းပနိုင်ရန် စီစဉ်ပေးခြင်း၊

(ဇ) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဈ) ညီလာခံ၊ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့အစည်းများတွင် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို တင်ပြခြင်း၊

(ည) ညီလာခံ၊ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်၊ အတည်ပြုချက်များကို မှတ်တမ်းတင်ခြင်း၊

(ဋ) အရေးပေါ်ကိစ္စများ၊ ထူးခြားဖြစ်စဉ်ကိစ္စရပ်များအတွက် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် သင့်လျော်သော အစီအမံများဆောင်ရွက်ခြင်း၊ ထိုသို့ဆောင်ရွက်ချက်ကို အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြခြင်း၊

(ဌ) ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့မှ အခါအားလျော်စွာပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၇)

## တပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ခြင်း

၅၄။ ကောင်စီသည် -

(က) မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့ကို ဖွဲ့စည်းရမည်၊

(ခ) တပ်ဖွဲ့ကို ကြီးကြပ်အုပ်ချုပ်ရန် ဗဟိုအုပ်ချုပ်ရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

Myanmar Law Information System (MLIS)

| | | |
|---|---|---|
| (၁) | တပ်ဖွဲ့မှူးချုပ် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယတပ်ဖွဲ့မှူးချုပ် | ဒုတိယဥက္ကဋ္ဌ |
| (၃) | အမျိုးသမီးအရာရှိချုပ် | အဖွဲ့ဝင် |
| (၄) | နည်းပြမှူးချုပ် | အဖွဲ့ဝင် |
| (၅) | ဆေးမှူးချုပ် | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ တပ်ဖွဲ့မှူးများ | အဖွဲ့ဝင် |
| (၇) | ဗဟိုဦးစီးမှူးချုပ် | အတွင်းရေးမှူး |
| (၈) | ဗဟိုဦးစီးမှူး | တွဲဖက်အတွင်းရေးမှူး |

(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသ၊ ခရိုင်နှင့်မြို့နယ်များတွင် တပ်ဖွဲ့များကို တပ်ဖွဲ့စည်းမျဉ်းနှင့်အညီ ဖွဲ့စည်းနိုင်သည်။

(ဃ) ဗဟိုအုပ်ချုပ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၅၅။ (က) ကောင်စီသည် တပ်ဖွဲ့မှူးချုပ်အဖြစ် အချိန်ပြည့်အလုပ်အမှုဆောင် အဖွဲ့ဝင်တစ်ဦးကို လည်းကောင်း၊ ဒုတိယတပ်ဖွဲ့မှူးချုပ်နှင့် ဗဟိုဦးစီးမှူးချုပ်အဖြစ် ကောင်စီဝင်တစ်ဦးစီကိုလည်းကောင်း ခန့်အပ်ရမည်၊

(ခ) တပ်ဖွဲ့မှူးချုပ်၊ ဒုတိယတပ်ဖွဲ့မှူးချုပ်နှင့် ဗဟိုဦးစီးမှူးချုပ်တို့၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းအတိုင်းဖြစ်သည်။

၅၆။ ကောင်စီသည် တပ်ဖွဲ့မှူးချုပ်၊ ဒုတိယတပ်ဖွဲ့မှူးချုပ်နှင့် ဗဟိုဦးစီးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များကို သတ်မှတ်ပေးရမည်။

၅၇။ ကောင်စီ၏ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်မရရှိဘဲတပ်ဖွဲ့ကို ပြောင်းလဲဖွဲ့စည်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းမပြုရ။

## အခန်း(၈)

## အခြားသောအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း

၅၈။ အသင်းသည် ယင်းနှင့်အကျိုးတူ၊ ရည်ရွယ်ချက်တူ လုပ်ငန်းများကို ဆောင်ရွက်ကြသည့် ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပြည်တွင်းရှိ အဖွဲ့အစည်းများနှင့်လည်းကောင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် လိုအပ်သော

Myanmar Law Information System (MLIS)

ငွေကြေး၊ ပစ္စည်းအကူအညီများ၊ အသိပညာ၊ အတတ်ပညာ၊ နည်းပညာနှင့် ကျွမ်းကျင်မှု အကူအညီများ လက်ခံခြင်း၊ ပေးအပ်ခြင်းများကို ပြုလုပ်နိုင်သည်။

၅၉။ အသင်းသည် အသင်းဖွဲ့စည်းတည်ထောင်ရာတွင်ဖြစ်စေ၊ လူမှုကရုဏာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ အကူအညီ လိုအပ်ပါက အစိုးရအဖွဲ့ထံ တင်ပြတောင်းခံနိုင်သည်။

၆၀။ အသင်းသည် ငြိမ်းချမ်းသောအခြေအနေ၊ ပဋိပက္ခအခြေအနေ၊ သဘာဝ သို့မဟုတ် လူ့ပယောဂ ကြောင့်ဖြစ်သော ဘေးအန္တရာယ်ကျရောက်သည့် အခြေအနေစသည့် မည်သည့်အခြေအနေတွင်မဆို၊ မည်သည့်နေရာဒေသတွင်မဆို သက်ဆိုင်ရာအာဏာပိုင်ထံသို့ အကြောင်းကြား၍ လူမှုကရုဏာလုပ်ငန်း များ သွားရောက်ဆောင်ရွက်နိုင်သည်။

## အခန်း(၉)

## ဘဏ္ဍာရေး

၆၁။ အလုပ်အမှုဆောင်အဖွဲ့သည် -

(က) ကောင်စီက အတည်ပြုပြီးသော ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဘဏ္ဍာရေးကိစ္စရပ်များကို ကြီးကြပ် ဆောင်ရွက်ရမည်၊

(ခ) အသင်း၏လုပ်ငန်းအတွက် နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲ၍ ဘဏ္ဍာရေးနှစ် မတိုင်မီ ကောင်စီသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်၊

(ဂ) ကောင်စီကအတည်ပြုပြီးသော အရအသုံးခန့်မှန်းခြေငွေစာရင်း အရငွေများကို ဘဏ္ဍာရေးစည်းမျဉ်း နှင့်အညီ သုံးစွဲခွင့်၊ ပြင်ဆင်ခွင့်နှင့် ငွေစာရင်းခေါင်းစဉ်ပြောင်းလဲ သုံးစွဲခွင့်ရှိသည်၊

(ဃ) ပြည်တွင်းပြည်ပအစိုးရအဖွဲ့များ၊ ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများထံမှဖြစ်စေ၊ တစ်ဦးချင်းထံ မှဖြစ်စေ ထောက်ပံ့ငွေနှင့် အကူအညီများကို လက်ခံနိုင်သည်။ ယင်းထောက်ပံ့ငွေနှင့် အကူအညီများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ သုံးစွဲရမည်။

၆၂။ အသင်း၏ ဘဏ္ဍာရေးနှစ်သည် မိတ်ဖက်ကြက်ခြေနီလခြမ်းနီအသင်းအများစု၏ ဘဏ္ဍာရေးနှစ် အတိုင်း ပြက္ခဒိန်နှစ် (Calendar year) ဖြစ်သည်။

၆၃။ အသင်းသည် အသင်းသားများ၊ စေတနာလုပ်အားရှင်များနှင့် ဝန်ထမ်းများ လူမှုကရုဏာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျိုးကြောင်းဆီလျော်သည့် ကုန်ကျစရိတ်များကို ရရှိစေရန် ဆောင်ရွက် ပေးရမည်။

၆၄။ အသင်းသည် ယင်း၏ဝန်ထမ်းများစွမ်းဆောင်ရည်နှင့် လုပ်သက်ပေါ်မူတည်၍ လစာနှင့်ချီးမြှင့်ငွေ ပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၆၅။ အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲနှင့် အသင်းခွဲငယ်များသည် အသင်းပိုင်ပစ္စည်းများ၊ ရန်ပုံငွေ များ၊ ဘဏ္ဍာငွေသုံးစွဲရေးဆိုင်ရာကိစ္စများနှင့် လုပ်ငန်းဆောင်ရွက်ချက်များအတွက် သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နှစ်စဉ်စာရင်းစစ်ဆေးခြင်း ကို ခံယူရမည်။

Myanmar Law Information System (MLIS)

## အခန်း(၁၀)

## အထွေထွေ

၆၆။ အသင်းက ချုပ်ဆိုမည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လက်ခံရ ယူခြင်း၊ ငှားရမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် ပဋိညာဉ်စာချုပ်ကို အသင်းကိုယ်စား အလုပ်အမှုဆောင်အဖွဲ့ ၏ သဘောတူညီချက်ဖြင့် ဥက္ကဋ္ဌကဖြစ်စေ၊ အလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ပေးအပ်ခြင်းခံရသူ တစ်ဦးဦးကဖြစ်စေ လက်မှတ်ရေးထိုးချုပ်ဆိုရမည်။ ယင်းပဋိညာဉ် စာချုပ်ပေါ်တွင် အသင်းတံဆိပ် ခပ်နှိပ်ရမည်။

၆၇။ အသင်း၏လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေသူတိုင်းသည် ကြက်ခြေနီအခြေခံမူများ၊ နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရမည်။

၆၈။ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက် သည်။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

Myanmar Law Information System (MLIS)